[صحيح] [رواه أبو داود والترمذي وابن ماجه وأحمد]

မိန့်ကြားတော်မူခဲ့ပြီး၊ ထိုနိကာဟ်သည် လုံးဝလက်မထပ်ရသေးသကဲ့သို့ပင် ဖြစ်ကြောင်း
(သတိပေးမိန့်ကြားတော်မူခဲ့သည်။) အကယ်၍ အုပ်ထိန်းသူဝလီ၏ ခွင့်ပြုချက်မပါသည့်
အမျိုးသမီးနှင့် နိကာဟ်ပြုလုပ်ခဲ့သောအမျိုးသားက သူမနှင့် ပေါင်းသင်းဆက်ဆံခဲ့ပါက
သူမနှင့် ကာမမှုကို ကျူးလွန်ခဲ့သည့်အတွက် သူမအား မဟရ်အပြည့်အဝ ပေးဆောင်ရမည်။ တစ်ဖန်
နိကာဟ်ပြုပေးရန် အုပ်ထိန်းပိုင်ခွင့်နှင့်ပတ်သတ်၍ အုပ်ထိန်းသူများကြား
ငြင်းခုံမှုဖြစ်ပွားပါက - ၎င်းတို့၏ အုပ်ထိန်းခွင့်အဆင့်အတန်း တူညီနေပါက - သတို့သမီး၏
ကောင်းကျိုးအတွက်သာ စဉ်းစားလျက် နိကာဟ်ပြုထိမ်းမြားပေးရန် ပထမဆုံး စတင်သူအား
နိကာဟ်လုပ်ပေးခွင့် ပေးအပ်ရမည်။ အကယ်၍ အုပ်ထိန်းသူက လက်ထပ်ခွင့်ပေးရန် ငြင်းဆိုပါက
သူ့အား သတို့သမီး၏ အုပ်ထိန်းသူအဖြစ် မှတ်ယူခြင်း မရှိတော့ပေ။ ထိုအခါ
အစိုးရအာဏာပိုင်သို့မဟုတ် တရားသူကြီးနှင့် အလားတူသူများက သတို့သမီး၏
အုပ်ထိန်းသူအဖြစ် ဆောင်ရွက်ရမည်။ သို့ရာတွင် အုပ်ထိန်းသူရှိပါက အစိုးရအာဏာပိုင်တွင်
အုပ်ထိန်းသူဖြစ်ခွင့် လုံးဝမရှိပေ။
https://sunnah.global/hadeeth/my/show/58067